KNU – ဆောထိမြို့နယ်အတွင်း

Coronavirus Disease (Covid–19) ရောဂါ ကြိုတင်တားဆီးကာကွယ်ရေးနှင့်

ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

ရက်စွဲ – ၂၀ ရက် ၊ ဧပြီလ ၊ ၂၀၂၀ ခုနှစ်

Coronavirus Disease (Covid–19) ရောဂါ ကြိုတင်တားဆီးကာကွယ်ရေးအတွက် KNU– ဗဟိုဌာနချုပ် ၏ ညွှန်ကြားချက် / World Health Organization (WHO) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန် ကြေညာချက် / KNU ကော်သူးလေ ကျန်းမာရေးဌာန ၏ ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်တို့အပေါ်အခြေခံ၍ ဤ (Covid–19)ရောဂါသည် လူမျိုးတုန်း သေစေနိုင်သည့် ရောဂါ ဖြစ်သည့် အတွက် အမျိုးသားလုံခြုံရေးအဆင့် ကြိုတင် တားဆီးကာကွယ်ရမည့် ရောဂါ တစ်ခု အဖြစ် KNU–ဆောထိ မြို့နယ် မှ သတ်မှတ်ထားသည်။

Coronavirus Disease (Covid–19) ရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ကူးစက်ခြင်း၊အရာဝတ္ထုပစ္စည်း တို့မှ တစ်ဆင့် ကူးစက်ခြင်း၊ (Covid–19) ရောဂါ ရှိသူသည် ရောဂါရှိကြောင်း ချက်ခြင်းမသိသာ သောကြောင့် ရောဂါရှိသူမှ ထိတွေ့ကိုင်တွယ်သည့် အရာဝတ္ထုပစ္စည်း အားလုံးမှ တစ်ဆင့် ရောဂါ ပျံ့ပွားခြင်း၊ မြန်မာနိုင်ငံ တွင် ဤ (Covid–19) ရောဂါနှင့်ပတ်သက်၍ ကုသပျောက်ကင်းရန် ဆေးမရှိသေးခြင်းတို့ကြောင့် (Covid–19) ရောဂါ မဖြစ်ပွားအောင်ကြိုတင်တားဆီးကာကွယ်မှုကို တစ်စိုက်မတ်မတ် လုပ်ဆောင်ရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် Coronavirus Disease (Covid–19) ရောဂါ ပျံ့ပွားမှုနှုန်း နှင့် လူသေဆုံးမှုနှုန်း သည် တစ်ဖြည်းဖြည်းများပြားလာခြင်း၊မြန်မာနိုင်ငံအတွင်းတွင်လည်း(Covid–19)ရောဂါလက္ခဏာရှိသူတွေ့ရှိခြင်း/(Covid–19)ရောဂါကြောင့် သေဆုံးသူတစ်ဖြည်းဖြည်း များပြားလာခြင်းကြောင့် (Covid–19) ရောဂါအား တားဆီးကာကွယ်သည့် အနေဖြင့် KNU – ဆောထိမြို့နယ်မှ မြို့နယ်အတွင်း လာရောက်လုပ်ကိုင်ရှာဖွေ စားသောက်ကြသော လုပ်ငန်းရှင်များ / ယာယီစုဖွဲ့နေထိုင်သူများ / ခရီးသွားပြည်သူများ လိုက်နာဆောင်ရွက်ရန် မြို့နယ် အရေးပေါ်အမိန့်ထုတ်ပြန် ကြေညာလိုက်သည်။

**(Covid–19) ရောဂါ ကြိုတင်တားဆီးကာကွယ်ရေး အတွက် ဌာနေ ဒေသခံ တိုင်းရင်းသား မဟုတ်သည့် ယာယီတဲထိုးစုဖွဲ့နေထိုင်သူများ / လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ယခု လက်ရှိလုပ်နေသည့် မည်သည့် လုပ်ငန်းကိုမဆို / ရပ်ဆိုင်းကာ ၊ ဖျက်သိမ်းပြီး မိမိတို့နှင့် သက်ဆိုင်ရာ မြို့နယ် / ဌာနေသို့ (၂၂.၄.၂၀၂၀) ရက်နေ့ ဗုဒ္ဓဟူးနေ့ တွင် အပြီးပြန်ဆင်းသွားရမည်။**

ထို့အတွက်ကြောင့် လမ်းကြိုလမ်းကြား/ဖြတ်လမ်းများ/တောလမ်းတို့မှ တစ်ဆင့် KNU–ဆောထိမြို့နယ်သို့ တက်လာသည့် လုပ်ငန်းရှင်များ / ကျပန်းသမားများ / ယာယီတဲထိုးနေထိုင်သူများ / ခရီးသွားပြည်သူများ (သို့မဟုတ်)နေထိုင်နေကြသူများအား KNU– ဆောထိမြို့နယ်အတွင်း တွေ့ရှိပါက Covid–19 ရောဂါ ကာကွယ်ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ခြင်း မရှိသည့် အပေါ် KNU ကော်သူးလေ ရာဇဝတ်ဥပဒေ **အခန်း(၁၁)၊ ပုဒ်မ (၁၇၂) ကူးစက်ရောဂါ ကာကွယ်ရေး အတွက် နည်းဥပဒေ ဖီဆန်ခြင်း အရ (၁)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ** ချမှတ် အရေးယူခံရမည်။

မြို့နယ်အမြဲတမ်းကော်မတီ

KNU–ကရင်အမျိုးသားအစည်းအရုံး

ဆောထိမြို့နယ်